

ဘာသာပြန် - Swae Nyoe Team
လူသားကောရာဇ်
(ဝမ်ချောင်)
(Chapter 1256-1270)
စာစဉ် – ၈၈

# အခန်း(၁၂၅၆)

*

"သခင်လေးလီ ကောင်းကင်နဲ့မြေကြီး၊ နေမင်း၊ လမင်း၊ ကြယ်စင်တွေ အားလုံးမှာ ကိုယ်ပိုင်တာအို လမ်းစဉ်တွေရှိတယ်။ လောကက အရာအားလုံးမှာ စံချိန်စံနှုန်းတွေ ကိုယ်ပိုင် ပိုင်ဆိုင်ထားပြီးသားပါ။ မြစ်တွေက အမြင့်ပိုင်းကနေ အနိမ့်ပိုင်းကိုစီးတယ်။ နေမင်းနဲ့လမင်းက အရှေ့ပိုင်းက ဝင်ပြီး အနောက်ဘက်က ထွက်တယ်။ ဒါတွေအားလုံးကို အလွယ်တကူမြင်နိုင်တယ်။ စံချိန်စံနှုန်းတွေကိုလည်း လူတိုင်းက နားလည်နိုင်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ လုပ်ဆောင်မှုတွေ၊ ခင်ဗျားရဲ့ နည်းလမ်းတွေကတော့ ရှုံးနိမ့်သွားလိမ့်မယ်။ တောဆိတ်တွေက တောင်ဆိတ်တွေနဲ့ အတူနေကြတယ်။ ဒါပေမဲ့ ခြင်္သေ့တွေကတော့ ကျားတွေနဲ့ လှောင်အိမ်တစ်ခုထဲမှာ အတူနေနိုင်မှာမဟုတ်ဘူး။ တောဆိတ်တွေကို အသားစားခိုင်းပြီး ကျားတွေ၊ ဝံပုလွေတွေကို မြက်စားခိုင်းတာက သူတို့ကို ခပ်ကြမ်းကြမ်း သေခိုင်းနေသလိုပဲ"

"ခင်ဗျားရဲ့ မူလရည်ရွယ်ချက်ကို ငါနားလည်ပေးနိုင်တယ်။ ဒါပေမဲ့ အာရေးဗီးယားနဲ့ ယွီစန်းက ဝံပုလွေနဲ့ကျားတွေ၊ သူတို့က တောင်ဆိတ်တွေ တောင်မဟုတ်ဘူး။ အားကြီးသူက အားနည်းသူကို စားတယ်ဆိုတဲ့ ချိတ်ဆက်မှုက သူတို့ရဲ့စိတ်ထဲကို ထိုးဖောက်နေခဲ့ပြီးသား။ ကျောင်းအနည်းငယ် သွားဆောက်လိုက်ပြီး နည်းနည်းလောက် စိတ်ကူးယဉ်မှု အပြည့်နဲ့ ရှင်းပြပေးလိုက်ရုံနဲ့ အောင်မြင်လာမှာလည်း မဟုတ်ဘူး"

ဝမ်ချောင်က ခပ်တင်းတင်းပြောသည်။

ထိုလူများသည် စိတ်ကူးယဉ်လွန်းသည်။ သူတို့က အောင်မြင်သည် မအောင်မြင်သည်ဆိုသော ကိစ္စက မေးခွန်းတစ်ခုမဟုတ်တော့ဘဲ ဇဟိုပြင်ကျယ်က သူတို့၏အိမ်မက်အတွက် မည်မျှကြီးလေးသော တန်ကြေးပေးဆပ်ရမည်ဆိုသည့် ကိစ္စက ပါလာသည်။

"ဟမ်း မျိုးနွယ်ခြားနယ်မြေတွေကဘုရင် မြစ်တွေက မြင့်ရာကနေ နိမ့်ရာကို စီးဆင်းနိုင်တယ်။ ဒါပေမဲ့ လူတွေကတော့ နိမ့်ရာကနေ မြင့်ရာကို ရွေ့သယ်သွားလို့ ရနေတာပဲ။ နေနဲ့လက အရှေ့ကနေဝင်ပြီး အနောက်ကနေထွက်တယ်။ ဒါပေမဲ့ နေနဲ့လက မတည်ရှိတဲ့အချိန်မှာ လူတွေက မီးတုတ်တွေသုံးပြီး အမှောင်ထုကို အလင်းပေးကြတယ်။ အချို့ကိစ္စတွေအတွက် သတ္တိအပြည့်နဲ့ လုပ်နိုင်စွမ်းရည်သာမရှိရင် ဘယ်လိုများအောင်မြင်နိုင်တော့မှာလဲ"

လီကျွင်းရှန်း၏ မျက်နှာထားက ခိုင်မာတည်ကြည်သည်။ သူသည် တည်ငြိမ်စွာသာ ပြန်ဖြေသည်။

"ဒါပေမဲ့ ခင်ဗျား ကျရှုံးသွားခဲ့ရင် ဘယ်လိုလုပ်မလဲ။ ပေးဆပ်ရမဲ့ တန်ကြေးက ဘယ်လောက်ကြီးသလဲဆိုတာကို ခင်ဗျားသိလား။ ခင်ဗျားရဲ့စိတ်ကူးယဉ်ဆန်တာတွေ အတွေးတွေကြောင့် လူဘယ်လောက်များများက စတေးပေးရမလဲဆိုတာကိုသိလား။ အနောက်တောင်ပိုင်းက စစ်ပွဲမှာ လူလေးသိန်းကျော်က သေဆုံးသွားခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီထဲမှာ ထန်စစ်သည် တစ်သိန်းပဲပါတာ။ တာလာ့နဲ့ ခိုရာစန်းရဲ့ စစ်ပွဲမှာ စစ်သည်တစ်သန်းကျော် ပါသွားတယ်။ ဒါပေမဲ့ ထန်က နှစ်သိန်းပဲ ဆုံးရှုံးသွားခဲ့တာ။ ဒါတောင်မှ အပြတ်အသပ် ကွာလွန်းတဲ့ အနေအထားကြောင့် ဒီလောက်ဆုံးရှုံးသွားခဲ့တာပဲ။ ဒါက ခင်ဗျားအတွက် သည်းမခံနိုင်အောင် ဖြစ်သွားစေတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့အကြံအစည် ကျရှုံးသွားခဲ့ရင် ဇဟိုပြင်ကျယ်ကလူ

ဘယ်လောက်တောင် သေသွားမလဲဆိုတာကို နားလည်လား။ သိန်းကျော် လား ဒါမှမဟုတ် သန်းကျော်လား။ ဒီအရေအတွက်က ခင်ဗျားစိတ်ကူးယဉ် ကြည့်လို့တောင် မတက်နိုင်ဘူး။ ခင်ဗျားတွေးတောင် မတွေးဖူးတာတွေ ဖြစ်လာနိုင်တယ်"

ဝမ်ချောင်က ခပ်ကြမ်းကြမ်း ပြန်ငြင်းလိုက်သည်။ ဒီတစ်ကြိမ်တွင် လီကျွ င်းရှန်းက ဘာစကားမှ မပြောတော့ချေ။ သူသည် မျက်လုံးကို အသာ မှိတ်လိုက်ပြီး အတွေးနက်သွားပုံရသည်။ အချိန်အတန်ကြာပြီးမှသာ စားသောက်ဆိုင်အတွင်း သူ၏အသံက ပြန်ထွက်လာသည်။

"အရာအားလုံးက တန်ကြေးတစ်ခုတော့ ပေးရမှာပဲ။ ရှီနဲ့ကျောင်းရဲ့ တိုက်ပွဲမှာ နှစ်ဖက်လုံးက အင်အား လေးသိန်းကျော် ဆုံးရှုံးသွားရပြီး သာ မာန်လူ မရေမတွက်နိုင်အောင် ပါသွားခဲ့တယ်။ ဖေးမြစ်ရဲ့တိုက်ပွဲမှာ စစ်သည်အင်အား ရှစ်သိန်းကျော်ပါတဲ့ စစ်တပ်ကြီးတစ်ခုလုံးက ရှင်းလင်းခံ ခဲ့ရတယ်။ ယခင်စွေ့နဲ့ ဂိုဂူလျောအင်ပါယာ ဖြစ်ခဲ့တဲ့တိုက်ပွဲမှာလည်း ဆုံးရှုံး မှုက တစ်သန်းအထိ ရောက်ရှိသွားခဲ့သေးပြီး ပြည်သူ ငါးသန်းကျော်ကို တောင် သတ်သွားခဲ့တယ်။ အဆုံးသတ်မှာ အဲ့ဒီစစ်ပွဲက မဟာစွေ့ကို အဆုံးသတ်သွားစေခဲ့တယ်။ ဒီလောက်ဥပမာတွေက မြောက်များလွန်းလို့ ထည့်ပြောလို့တောင် လိုက်မှီနိုင်မယ်မထင်ဘူး"

"စစ်ပွဲတွေက အဆုံးမသတ်ရင် ဒီလိုဆုံးရှုံးမှုတွေက ဘယ်တော့မှ အဆုံးသတ်မှာမဟုတ်ဘူး။ ရှေးခေတ်အချိန်ကတည်းက အတွေးမတူတဲ့လူ တွေ အချင်းချင်း စစ်ဖြစ်နေပြီး ဆုံးရှုံးမှုပမာဏက ဆယ်သန်းကျော်နေ လောက်ပြီ။ သာယာဝပြောတဲ့ လောကကြီးကပဲ ဒီစစ်ပွဲတွေကို အဆုံးသတ် စေနိုင်မှာ။ ဒါရဖို့အတွက် ဘယ်လိုတန်ကြေးမဆို ပေးဖို့တန်ပါတယ်"

လီကျွင်းရှန်းက ထိုသို့ခပ်တင်းတင်းပြောသည်။ သူ၏အသံဟာ

အလွန်အမင်း တည်ငြိမ်သည်။ နေ့စဉ်လုပ်ကိုင်နေကျ ကိစ္စတစ်ခုကို ဆွေးနွေးနေသလိုမျိုးပင် ထင်ရသည်။

"ရမ်းကားလိုက်တာ အရမ်းလည်းရယ်ရတယ်။ ခင်ဗျားက ပြည်သူတွေရဲ့ ကံကြမ္မာကို ကလေးကစားပွဲလို သဘောထားနေတာပဲ"

ဝမ်ချောင်၏မျက်နှာက ချက်ချင်းလိုလို တင်းမာသွားသည်။ သူ၏ပါးစပ်မှ ခပ်ကြမ်းကြမ်း ပြောသံက လျှင်မြန်စွာထွက်လာ၏။ ထိုလူများဟာ သူရူး များဖြစ်နေသည်။ သူတို့၏စိတ်ကူးများ၊ ဖြောင့်မတ်မှန်ကန်မှုများ အတွက် ကြောင့်နှင့် လောကရှိ ပြည်သူများ၏အသက်ကို နယ်ရုပ်များအလား သဘောထားနေကြသည်။ သူတို့ဟာ လောကအတွက်ဟု ပြောနေကြ၏။ သို့သော် ပြည်သူများ၏ အစစ်အမှန် ကံကြမ္မာအသက်များကိုမူ အနည်းငယ် သော်မျှ ဂရုမစိုက်ကြပေ။ ကပ်ဘေးကာလ ရောက်လာမည့် အခိုက်အတန့် မျိုးနှင့်ဆိုလျှင် မဟာထန်ကြီးသည် ထိုပြဿနာရှာသော လူများ၏ ပြဿနာ များကိုပင် တောင့်ခံနိုင်လိမ့်မည်မဟုတ်ချေ။

မည်သို့ပင်ဆိုစေ ဝမ်ချောင်ဟာ သူတို့ကို အောင်မြင်ခွင့်ပြုလိမ့်မည်မဟုတ် ချေ။

"ဒီအတွေးတွေကို အဆုံးသတ်လိုက်တာကောင်းမယ်။ မဟာထန်ရဲ့ ပြည် သူတွေက ခင်ဗျားရဲ့ပန်းတိုင် အောင်မြင်ဖို့ လုပ်ချင်တိုင်းလုပ်လို့ရတဲ့ လက်နက်ပစ္စည်း ကိရိယာတွေမဟုတ်ဘူး။ ခင်ဗျားက သာယာဝပြောတဲ့ လောကကြီးအတွက်ဆိုပြီး ဘာလုပ်လုပ် ဂရုမစိုက်ဘူး။ ခင်ဗျားကလည်း ခင်ဗျားရဲ့ပန်းတိုင်က ဘယ်လောက်တောင်မြင့်မြတ်သလဲဆိုပြီး ထင်နေတာ ကို ဂရုမစိုက်သလို ခင်ဗျားရဲ့ အလံက ဘယ်လောက်ထိမြင့်မြင့် မြှောက် ထားနိုင်မယ်ဆိုတာကိုလည်း ငါဂရုမစိုက်ဘူး။ ငါအသက်တစ်ရက် ပိုရှည် နေသမျှ ခင်ဗျားရဲ့အကြံတွေ အောင်မြင်ဖို့ တစ်ရက်ပိုကြာသွားစေရမယ်"

ဝမ်ချောင်၏ စကားလုံးများက ပြင်းထန်သည့် အရှိန်အဝါအပြည့်နှင့် နက်ရှိုင်းသည့် အပိုင်းအတွင်းသို့ တူကိုသုံးပြီး သံကိုရိုက်ထည့်လိုက်သလို ထင်ရသည်။ ဝမ်ချောင်သည် အနောက်တောင်ပိုင်း၏ စစ်ပွဲနှင့် တာလာ့တွင် အနိုင်အရယူနိုင်ရန်အတွက် ကြောက်မက်ဖွယ်ကောင်းသော အင်အားများကို စိုက်ထုတ်ထားခဲ့ပြီး မဟာထန်၏ ပျက်စီးရာပျက်စီးကြောင်းကို တားခဲ့လျှက် ပြည်သူများကို ကယ်တင်ခဲ့သည်။ သို့သော် ထိုလူများကမူ အပေါ်ယံတွင် သူနှင့်အတွေးတူသည်ဟု ပြောနေသော်လည်း အမှန်တိုင်းဆိုလျှင် သူတို့၏ရည်ရွယ်ချက်ဟာ ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဗဟိုပြင်ကျယ်ကြီးတွင်ရှိသော နေထိုင်နေသည့် လူသန်းပေါင်းများစွာက သူတို့၏ အလောင်းအစားတွင် ပါဝင်နေသည့် နယ်ရုပ်လေးများ ဖြစ်နေကြသည်။ သူတို့၏အကြံအစည် အောင်မြင်ရန် အသုံးချခံများ ဖြစ်လာ၏။

သူကသာ ပြန်လည်မွေးဖွားလာခဲ့ခြင်း မရှိလျှင်ပင် ဝမ်ချောင်အနေဖြင့် ထိုလူများကို ဘယ်သောအခါမှ အောင်မြင်ခွင့်ပြုလိမ့်မည်မဟုတ်ချေ။

ဝုန်း

စားသောက်ဆိုင်အတွင်းမှ ကွန်ဖြူးရှပ်ဝါဒ ကျင့်သုံးသူများအားလုံးက ဝမ်ချောင်၏ စကားလုံးများကြောင့် မျက်နှာဖြူဖျော့သွားကြသည်။ ဝမ်ချောင်သည် မဟာထန်၏ မျိုးဆက်သစ်မှ စစ်နတ်ဘုရားဖြစ်ပြီး ယခင် ရာစုနှစ်အနည်းငယ်အတွင်း မျိုးရိုးနာမည်မတူသော ပထမဦးဆုံးသော ဘုရင်ဖြစ်သည်။ အင်ပါယာခုံရုံးတွင်ဖြစ်စေ၊ ပြည်သူများအတွက်ဖြစ်စေ၊ စစ်တပ်အတွက်ဖြစ်စေ ဝမ်ချောင်သည် လွှမ်းမိုးမှုအလွန်ကြီးလေသည်။ ဝမ်ချောင်ကသာ သူတို့ကို အတိုက်အခံလုပ်ရန် ဆုံးဖြတ်ချက်ချထားလျှင် သူတို့၏အကြံအစည်များက အလွန်နှောင့်နှေးပေလိမ့်မည်။ ပို၍ဆိုးသည်မှာ ဝမ်ကလန်သည် ဗိုလ်ချုပ်များ၊ အမတ်များ ပြည့်နေသေးပြီး မျိုးဆက်သုံး

ဆက်လုံးလုံး တော်ဝင်အရာရှိများအဖြစ် ခစားခဲ့သည်။ သူတို့သည် သစ္စာရှိကြသည်။ ထို့မျှ ထူးချွန်နေသော နောက်ခံမျိုးနှင့်ဆိုလျှင် ထိုအဖွဲ့အစည်းက အင်အားများကို စုစည်းပြီးသောအခါတွင် လုံလောက်သော အင်အားကို ကိုယ်စားပြုနိုင်လာပေလိမ့်မည်။

"မျိုးနွယ်ခြားနယ်မြေတွေရဲ့ဘုရင် ဒီစကားလုံးတွေနဲ့ မင်းကငါတို့ရဲ့ ရန်သူဖြစ်ဖို့ ဆုံးဖြတ်လိုက်တာပဲ"

စားပွဲတစ်ဖက်ခြမ်းတွင်ထိုင်နေသော လီကျွင်းရှန်း၏ မျက်နှာအမူအရာက အနည်းငယ် အေးစိမ့်လာသည်။ သူ၏တည်ငြိမ်သော အမူအရာက ပထမဦးဆုံးအကြိမ် ပျက်ယွင်းလာသည်။

အစမှအဆုံးအထိ သူသည် အမြဲတစေ ဝမ်ချောင်ကို ဆွဲဆောင်သိမ်းသွင်းချင်ခဲ့သည်။ မျိုးနွယ်ခြားနယ်မြေများ၏ ဘုရင်၏ အကူအညီနှင့်သာဆိုလျှင် သူသည် ဖိအားအများကြီး လျော့သွားပေလိမ့်မည်။ သို့သော် အရာအားလုံးက သူ၏ဆန္ဒနှင့် ခြားနားသွားသည်။

ဝမ်ချောင်သည် သူတို့နှင့် အတိုက်အခံလုပ်ရန် ဆုံးဖြတ်ထားသောကိစ္စက လီကျွင်းရှန်းမမြင်ချင်ဆုံး ကိစ္စဖြစ်နေသည်။

"ငါကမင်းတို့ရန်သူဖြစ်ဖို့ ဆုံးဖြတ်လိုက်တာမဟုတ်ဘဲ မင်းတို့ကသာ ငါ့ရဲ့ ရန်သူဖြစ်ဖို့ ဆုံးဖြတ်လိုက်တာ။ ဒါက လောက ဒီလောကက မင်းတို့ရဲ့ စစ်တုရင်ကစားပွဲ မဟုတ်ဘူး။ ပြည်သူတွေက မင်းတို့ရဲ့ နယ်ရုပ်မဟုတ်ဘူး။ ငါမင်းကို နောက်ဆုံး အခွင့်အရေးတစ်ခုပေးမယ်။ အခုမှ ကိုယ့်လက်ကို ပြန်ရုတ်ရင် နောက်မကျသေးဘူး။ အဲ့ဒီလိုမှမဟုတ်ရင် ငါကမင်းတို့ကို အုတ်မြစ်ထဲက ဆွဲနှုတ်ရလိမ့်မယ်။။။ ကျန်းချောင်ရှုက အစပဲရှိသေးတယ်။ ငါက ကျန်းချောင်ရှုတစ်ယောက်ကို ဆွဲထုတ်နိုင်ရင် မရေမတွက်နိုင်တဲ့ ဒီလိုကောင်မျိုးတွေကို ဆွဲထုတ်နိုင်တယ်။ မင်းအင်ပါယာခုံရုံးထဲမှာ ချထားတဲ့

နယ်ရုပ်အပိုင်းအစတွေ အားလုံးကိုတောင် ဖယ်နိုင်လိမ့်မယ်"

ဝမ်ချောင်က အေးစက်စွာပြောသည်။ ဝမ်ချောင်သည် မူးယစ်ခြင်းလမင်းကျောင်းဆောင်သို့ လာသည်မှာ လီကျွင်းရှန်းနှင့် စကားပြောရုံလောက် မရိုးရှင်းချေ။ ထိုအဖွဲ့၏ ရိုးရှင်းစွာပင် စိတ်လွတ်နေပြီး ခပ်တုံးတုံးအတွေးများက မဟာထန်ကို ပျက်စီးစေခဲ့ပြီးလေပြီ။ ဒီထက်ပိုပြီးဆိုးရွားအောင် ပိုပြီးပျက်စီးစေအောင် ဖျက်ဆီးခွင့်ပြု၍မရတော့ချေ။

ဘန်း

ဝမ်ချောင်၏ ခြိမ်းခြောက်မှုများက စားသောက်ဆိုင်တစ်ခုလုံးအနှံ့ အံ့အားသင့်ဖွယ် အားလှိုင်းများ ပျံ့နှံ့သွားစေပြီး လူတိုင်း၏မျက်နှာကို ဖြူဖျော့သွားစေသည်။

"ရမ်းကားလိုက်တာ"

"မောက်မာတယ်"

ကွန်ဖြူးရုပ်ဝါဒ ကျင့်သုံးသူများအားလုံးက အော်ဟစ်ကြသည်။ အခန်းတစ်ခုလုံးက ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင်အရှိန်အဝါများဖြင့် ပေါက်ကွဲသွားလေသည်။ ထိုစွမ်းအားများက ဝမ်ချောင်၏ကိုယ်ပေါ် ပိတ်လှောင်လျှက် ကျလာသည်။ တခဏခန့်ကြာပြီးနောက် လီကျွင်းရှန်းထံမှ သေးငယ်သည့် ဟန်အမူအရာနှင့်တင် အားလုံးကို ဖိနှိပ်လိုက်သည်။

"ဝမ်ချောင်"

နှင်းဖြူရောင် အင်္ကျီလက် အနားစကို တစ်ချက်ယမ်းလိုက်သည့် လီကျွင်းရှန်းက ထိုင်ခုံမှထသည်။ သူ၏မျက်နှာတွင် အပြုံးမရှိချေ။ မျက်နှာအမူအရာက အလွန်အမင်း တည်ငြိမ်နေသည်။ သူသည် ဝမ်ချောင်အား မျိုးနွယ်ခြားနယ်မြေများ၏ ဘုရင်ဟုပင် မခေါ်တော့ဘဲ နာမည်ကိုပင်

တိုက်ရိုက် ခေါ်လိုက်သည်။

"သာယာဝပြောတဲ့ လောကက မတောင့်ခံနိုင်တဲ့ ဆွဲဆောင်မှုတစ်မျိုးပဲ။ အရာအားလုံးကလည်း အဲ့ဒီထဲကို စီးဝင်ချင်ကြတယ်။ လူတစ်ယောက်တည်းက ဒါကို ပြောင်းနိုင်မှာမဟုတ်ဘူး။ မင်းက ဗိုလ်ချုပ်ဖြစ်ချင်ဖြစ်မယ် အမတ်ဖြစ်ချင်ဖြစ်မယ် ဘုရင်ဖြစ်ချင်ဖြစ်မယ် ဒါတောင်မှ ဒီအရှိန်ကို မပြောင်းနိုင်လောက်အောင် မင်းဟာ သေးနုပ်နေသေးတယ်။ ပုဇွန်ကြီးတစ်ကောင်က သူ့ရဲ့ကိုယ်ပိုင်အင်အားနဲ့ ရထားလုံးကို နောက်ကနေဆွဲထားလို့မရနိုင်သလိုပဲ။ မင်းကတောင်မှ သမိုင်းလှည့်ဘီးကို တားဖို့ ကျရှုံးသွားလိမ့်မယ်။ အဲ့ဒီလိုနဲ့ မင်းကိုယ်တိုင်ကပဲ မင်းရဲ့ကိုယ်ပေါ် ကပ်ဘေးတွေဆောင်ကျဉ်းပြီး မင်းရဲ့ခန္ဓာကိုယ်ကပဲ ဖုန်မှုန့်ဖြစ်တဲ့အထိ ခွဲချေခံရလိမ့်မယ်"

"အနောက်တောင်ပိုင်းဖြစ်ဖြစ် အနောက်မြောက်ပိုင်းဖြစ်ဖြစ် ငါတို့ကတူညီတဲ့လူတွေလို့ ယူဆခဲ့တာ။ ဒါကြောင့်ပဲငါက မင်းကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ သည်းခံပေးခဲ့တယ်။ ဒါကြောင့် မင်းက ငါ့ကို နောက်ဆုံးတစ်ခေါက် ထပ်ငြင်းခဲ့တာတောင်မှ မင်းသဘောမတူမှန်း အခွင့်အရေးမရှိမှန်း သိနေတာတောင်မှ ဒီစားသောက်ဆိုင်မှာ မင်းကိုစောင့်ပြီး နောက်ဆုံးတစ်ခေါက်အဖြစ် မင်းကို အယုံသွင်းဖြောင့်ဖြချင်ခဲ့သေးတယ်။ အား မင်းက ငါထင်ထားတာထက် ပိုရူးနေတာပဲ။ မင်းက ငါတို့ကို ခြိမ်းခြောက်တာမဟုတ်ဘူး။ မင်းရဲ့ ကိုယ်ပိုင် ပျက်စီးရာပျက်စီးကြောင်းကို ကိုယ်တိုင်ရှာနေတာ။ အဆုံးသတ်မှာတော့ မင်းနဲ့ မင်းရဲ့နောက်က ဝမ်ကလန်ကပဲ တန်ကြေးကို ပေးရလိမ့်မယ်။ သမိုင်းလှည့်ဘီးကို တားဖို့ရပ်ဖို့ကြိုးစားရဲတဲ့ ဘယ်လိုအနှောက်အယှက်ကမဆို အဆုံးသတ်မှာ ဖုန်မှုန့်ဖြစ်တဲ့အထိ ချေမွခံရမှာပဲ"

လီကျွင်းရှန်းက ထိုသို့ပြောလိုက်ပြီး တဖြည်းဖြည်းချင်းစီ ခန္ဓာကိုယ်ကို မတ်လိုက်သည်။ သူ၏နှင်းဖြူရောင် ဝတ်စုံက ဖြတ်ကနဲလက်သွားပြီး ဘေးပတ်ပတ်လည်တွင် ကခုန်သွားသည်။ တူညီသော အခိုက်အတန့်တွင်ပင် သူ၏ခန္ဓာကိုယ်အတွင်းမှ အာဏာရှင်ဆန်ပြီး ကြောက်မက်ဖွယ် ကောင်းလောက်အောင် အကန့်အသတ်မဲ့သည့် အရှိန်အဝါများက ပေါက်ထွက်လာသည်။ ထိုအရှိန်အဝါများသည် ဝမ်ချောင်ထက် မနိမ့်ပါချေ။

ဝမ်ချောင်၏မျက်လုံးက မှေးကျဉ်းသွားသည်။ မျက်နှာအမူအရာက ရေခဲတုံးလို အေးစက်သွားသည်။

"ကြည့်ရတာ ငါတို့က တူညီတဲ့လမ်းကြောင်းကို လျှောက်တာမဟုတ်သလို အချင်းချင်းလည်း သဘောတူညီမှု ရယူနိုင်တော့မှာမဟုတ်လို့ ဒီလိုဆိုမှတော့ နှုတ်ဆက်ပါတယ်"

ထိုစကားများနှင့်အတူ ဝမ်ချောင်က သူ၏ခွက်ကို ကုန်အောင်သောက်လိုက်ပြီး အင်္ကျီလက်ကို ခါယမ်းလျှက် ထွက်သွားသည်။

ဒီတွေ့ဆုံမှုတွင် ဝမ်ချောင်နှင့် လီကျွင်းရှန်းတို့သည် တစ်ယောက်ကိုတစ်ယောက် မဖြောင့်ဖြနိုင်ခဲ့ချေ။ သူတို့၏ အတွေ့အကြုံများက ခြားနားသည်။ စိတ်ကူးများကလည်း မတူချေ။ ထို့ကြောင့် ခြားနားသောလမ်းတွင် လျှောက်ရန် ကံပါလာခဲ့ပြီးသားဖြစ်သည်။ ဝမ်ချောင်က ချက်ချင်းလိုလိုထပြီး စားသောက်ဆိုင်ထဲမှ ထွက်ခွာသွားသည်။ အရာအားလုံးက သေလုခြောက်ခြားဖွယ် တိတ်ဆိတ်သွားသည်။

"ခဏနေပါဦး"

ဝမ်ချောင်က လှေကားထစ်နားသို့ ရောက်ချိန်တွင် အနောက်ဘက်မှ အသံတစ်သံထွက်လာသည်။ လီကျွင်းရှန်းက စားပွဲရှေ့မှ ထရပ်လာပြီး ဝမ်ချောင်၏ကျောကို အေးစက်ကာ မောက်မာသည့် မျက်နှာထားဖြင့် စိုက်

ကြည့်လိုက်သည်။

"မင်းဒီနေရာကနေ ထွက်သွားတာနဲ့ ငါတို့ ထာဝရရန်သူဖြစ်သွားပြီ"

"ငါတို့က ဖြစ်နှင့်နေပြီးပါပြီ"

ဝမ်ချောင်၏ ခြေလှမ်းများက တခဏသာ ရပ်သွားပြီး ဆက်လက်လှမ်းသည်။

"မျိုးနွယ်ခြားနယ်မြေတွေရဲ့ဘုရင် ငါမင်းကို ဒီစကားလုံးတွေတော့ ချန်ထားပေးလိုက်မယ်။ မင်းက ပေါရန်ကို မသတ်ပေမဲ့ ပေါရန်ကတော့ မင်းကြောင့်သေသွားရတယ်။ ခိုရာစန်းမှာကတည်းက မင်းရဲ့လက်အောက်ငယ်သားတွေက အမြဲတစေ လွတ်ထွက်နေခဲ့တာမှမဟုတ်ဘဲ"

လီကျွင်းရှန်း၏အသံက ခြိမ်းခြောက်မှုများပါသည်။

ဝုန်း

ဝမ်ချောင်၏ခြေလှမ်းက ရုတ်ချည်းရပ်သွားသည်။ သူ၏ခန္ဓာကိုယ်က တုန်ယင်သွားပြီး ပထမဦးဆုံးအကြိမ်အဖြစ် ဝမ်ချောင်၏မျက်နှာက ဖြူဖျော့သွားသည်။

"ကျေးဇူးအများကြီးတင်ပါတယ်"

တခဏခန့်ကြာပြီးနောက် ဝမ်ချောင်က အသိပြန်ဝင်သွားပြီး အောက်ဘက်သို့ ဆက်ဆင်းသည်။

"ငါကကွန်ဖြူးရှပ်စာပေဂိုဏ်းရဲ့ ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေကို လက်ခံပါတယ်။ အနာဂတ်မှာ ငါလာလည်ဦးမှာပါ"

ကွန်ဖြူးရှပ်ဂိုဏ်းဆိုသော စကားလုံးက ဒုတိယထပ်မှ ကွန်ဖြူးရှပ်စာပေလေ့လာလိုက်စားသောသူများ အားလုံးကို မျက်နှာတင်းမာသွားစေသည်။ ထိုထဲတွင် လီကျွင်းရှန်း အပါအဝင် ဓားအကကို ဖျော်ဖြေခဲ့သူများပင်

ပါသည်။ ကျော့ရှင်းကြည့်ကောင်းသော လီကျွင်းရှန်း၏ မျက်နှာအမူအရာကပင် ပျက်ယွင်းသွားပြီး ဟန်အမူအရာကပင် ပျက်သွားသည်။ သို့သော် သူက စကားမဆိုနိုင်သေးခင် ခွက် ခွက် ခွက်အသံနှင့်အတူ ဝမ်ချောင်ဟာ မူးယစ်ခြင်းလမင်း ကျောင်းဆောင်ထဲက ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

....

"အရှင့်သား ဘယ်လို ဘယ်လိုနေလဲ"

ဝမ်ချောင်က ကျောင်းဆောင်ထဲမှ ထွက်ရုံသာရှိသေးသည်။ လူအုပ်က လာရောက်တွေ့ဆုံသည်။

"ရထားလုံးပေါ် အရင်တက်ရအောင် အဲ့ဒီနောက်မှ ပြောကြမယ်"

ဝမ်ချောင်က တင်းမာစွာပြောသည်။

ဝုန်း

ရထားလုံးက မူးယစ်ခြင်းလမင်းကျောင်းဆောင်ထံမှ မိသားစုစံအိမ်ထံ လျှင်မြန်စွာထွက်ခွာသည်။ ဝမ်ချောင်က အတွေးနှင့် ထိုင်နေချိန်တွင် သူ၏မျက်မှောင်ကြားတွင် စိုးရိမ်မှုတိမ်စိုင်များက ယစ်ဆိုင်းနေသည်။

"သိန်းငှက်အိုကြီး အခုချက်ချင်း စုဟန်ရှန်းနဲ့ လီစစ်ယဲ့တို့ထံ စာရေးပြီး သူတို့ရဲ့ လက်အောက်ငယ်သားတွေ အားလုံးကို အနောက်တောင်ပိုင်းမှာ စုစည်းခိုင်းထားလိုက်။ ငါ့ရဲ့အမိန့် မရှိဘဲ ကွန်ဖြူးရှပ်ကျောင်းတော်က စေလွှတ်တဲ့ ဗိုလ်ချုပ်ကြီးတွေကို အတိုက်အခံလုပ်ဖို့ တားမြစ်တယ်။ ငါအဲ့ဒီစာကို ဒီနေ့ပဲ ပို့စေချင်တယ်"

***